# ၁၉၅၄ ခုနှစ်၊ သီးစားခစံနှုန်း (ပြင်ဆင်ချက်) အက်ဥပဒေ။

[၁၉၅၄ ခုနှစ်၊ အက်ဥပဒေအမှတ် ၆ဂ။]

အောက်ပါအတိုင်းအက်ဥပဒေအဖြစ်ပြဋ္ဌာန်းလိုက်သည်။

၁။ ။ဤအက်ဥပဒေကို၊ ၁၉၅၄ ခုနှစ်၊ သီးစားခစံနှုန်း (ပြင်ဆင်ချက်) အက်ဥပဒေဟု ခေါ်ရမည်။

၂။ ။၁၉၅၀ ပြည့်နှစ်၊ သီးစားခစံနှုန်းအက်ဥပဒေ (၁၉၅၀ ပြည့်နှစ်၊ အက်ဥပဒေ အမှတ် ၄၂) ပုဒ်မ ၂ အစား အောက်ပါကို ပုဒ်မ ၂ အဖြစ်ထည့်သွင်းရမည်။

"၂။ ။၁၉၄၆ ခုနှစ်၊ သီးစားအက်ဥပဒေတွင်ဖြစ်စေ၊ သဘောတူစာချုပ်တွင်ဖြစ်စေ၊ မည်သို့ပင်ပါရှိစေကာမူ၊ မည်သည့်သီးစားနှစ်အတွက်မဆို—

(က) စပါးစိုက်ပျိုးသည့်လယ်မြေ၏ သီးစားခစံနှုန်းသည်၊ ထိုမြေအတွက် ထိုသီးစားနှစ်တွင် ထမ်းဆောင်ရသော မြေခွန်တော်နှင့် အညီအမျှဖြစ်ရမည်။

(ခ) မြေပဲ၊ ကြက်သွန်၊ ဆေး၊ သို့တည်းမဟုတ် ကြံစိုက်ပျိုးသည့်မြေ၏ သီးစားခစံနှုန်းကို၊ ထိုမြေအတွက် ထိုသီးစားနှစ်တွင် ထမ်းဆောင်ရသော မြေခွန်တော်၏ သုံးဆ ထား၍၊ သို့တည်းမဟုတ် အထူးသီးနှံနှုန်းဖြင့် မြေခွန်တော်ကို စီးကြပ်ထားသောနှုန်းရှိပါက၊ ထိုအထူးသီးနှံနှုန်း၏ သုံးဆထား၍ တွက်ချက်ရမည်။

(ဂ) မြေပဲ၊ ကြက်သွန်၊ ဆေး၊ သို့တည်းမဟုတ် ကြံစိုက်ပျိုးသောမြေမှအပ၊ ကျန်ရှိသောယာ၊ သို့တည်းမဟုတ် ကိုင်းစိုက်ပျိုးသည့် မြေ၏သီးစားခစံနှုန်းကို၊ ထိုယာ၊ သို့တည်းမဟုတ် ကိုင်းစိုက်ပျိုးသည့် မြေအတွက် ထိုသီးစားနှစ်တွင် ထမ်းဆောင်ရသော မြေခွန်တော်၏ နှစ်ဆထား၍ တွက်ချက်ရမည်။

ခြွင်းချက်။ ။သို့ရာတွင် အနည်းဆုံး သုံးနှစ်တဆက်တည်း လယ်ယာထွန်ယက် လုပ်ကိုင်ခြင်းမရှိခဲ့သော လယ်ယာမြေတွင်၊ ပဋ္ဌမအကြိမ်စပါး၊ သို့တည်းမဟုတ် အခြားကောက်ပဲသီးနှံ ပြန်လည် စိုက်ပျိုးလျှင်၊ ယင်းသို့စိုက်ပျိုးသည့် သီးစားနှစ်အတွက် ထိုမြေ၏ သီးစားခစံနှုန်းမှာ ထိုမြေအတွက် ထိုသီးစားနှစ်တွင် ထမ်းဆောင်ရသော မြေခွန်တော် ငွေထက်မပိုစေရ။"

ပ၊မ၊ဗ၊စ၊—အမှတ် ၅ဂ၊ တရားရေးဝန်ကြီးဌာန၊ ၃-၁၂-၅၄—၂,၀၀၀—၂။
အတိုး—၁၀ ပြား]